၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ အက်ဥပဒေကို ဒုတိယအကြိမ်ပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ဂ။]

နိုင်ငံတော် တော်လှန်ရေးကောင်စီ ဉက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ မြန်မာ နိုင်ငံတော် ဆေး ဘက်ဆိုင်ရာအက်ဥပဒေကို ဒုတိယအကြိမ်ပြင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင်အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ အက်ဥပဒေပုဒ်မ ၂၇ အစား၊ အောက်ပါကိုပုဒ်မ ၂၇ အဖြစ်ထည့်သွင်းရမည်။

"၂၇။ ။(၁) မည်သူမဆို၊ မှတ်ပုံတင် ဆရာဝန် မဟုတ်ဘဲလျက်၊ မှတ်ပုံတင် ဆရာဝန် ယောင်ဆောင်လျှင်၊ ထိုသို့အယောင် ဆောင်ခြင်းကြောင့် လူတဦးတယောက်အလိမ်ခံရသည်ဖြစ်စေ၊မခံရသည်ဖြစ်စေ ငါးနှစ်မှ ဆယ်နှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်အပြင်၊ ငွေဒဏ်လည်းစီရင်ခြင်းခံရမည်။

ပြစ်ဒဏ်များ၊

(၂) မည်သူမဆို၊ ပုဒ်မ ၂၆၊ ပုဒ်မခွဲ (၃) ပါပြဋ္ဌာန်းချက်ကိုဆန့်ကျင်လျှင်၊ ငါးနှစ်မှ ဆယ်နှစ်ထိအလုပ်ကြမ်းနှင့် ထောင်ဒဏ်အပြင်၊ ငွေဒဏ်လည်းစီရင်ခြင်းခံရမည်။"

၃။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၂၈ ကိုပယ်ဖျက်ရမည်။